# ကလေးများ အတွက်မိုင်းအန္တရာယ်အသိပညာပေး ဇာတ်လမ်း



# အန္တရာယ်နဲ့ မကစားပါနဲ့







တစ်နေ့သောအခါ မူလတန်းကျောင်းသား **ဘရန်ဆိုင်း**နှင့် သူငယ်ချင်းတစ်စုသည် ရွာမြောက်ဘက် တောထဲသို့ သစ်ဥ ရှာဖွေသွားရန် တိုင်ပင်ကြသည်။
တန်ဂွန်း
မင်း ငါနဲ့ လိုက်မလား ...
ကောင်းတာပေါ့ ဘရန်ဆိုင်း
တခြားသူငယ်ချင်းတွေကိုလဲ ခေါ်လိုက်လေ
အဖွဲ့နဲ့သွားကြတာပေါ့ ...
၃


အဲဒီနောက် **ဘရန်ဆိုင်း**နှင့် **တန်ဂွန်း**တို့ အတန်းဖော်သူငယ်ချင်းများ စည်းရုံးပြီး တောထဲသို့ လူကြီးများကို အသိမပေးဘဲ သစ်ဥရှာဖွေရန် ထွက်သွားကြသည်။ တောထဲ ရောက်သည့်အခါ သစ်ဥများကို ရှာဖွေတူးဆွရင်း **လဆိုင်း** ဆိုသူကလေးက အရာဝတ္ထုတစ်ခုကို တွေ့သွားပြီး သူ့အတွက် ကစားစရာဟု ထင်မှတ်သွားသည်။
သူငယ်ချင်းတို့ ငါဒီမှာ
အရုပ်လိုတစ်ခုတွေ့တယ်
အမြီးပိုင်းမှာလဲ ဒလက်နဲ့
အေး
ကောင်းတယ်ကွာ
ဆော့ကြည့်ရအောင်လေ...
ငါတို့ အတူ
ဆော့ရအောင်ကွာ
၄


**ဘရန်ဆိုင်း**ကစပြီး အမြီးကိုဖြုတ်ကြည့်ပြီး တစ်ယောက်
တလှည့်ဖြုတ်ကြည့်ကြသည်။ သို့သော်လည်း ဖြုတ်လို့မရကြပေ။
သူတို့အားလုံး စိတ်မရှည်ကြတော့ဘဲ သစ်ဥတူးသည့်
သံတူရွင်းများနှင့် ထုရိုက်ကြတော့သည်။ ထုရိုက်ပြီး မကြာမီမှာ
ကြီးမားသောပေါက်ကွဲသံနှင့်အတူ မြေကြီးလဲ တုန်ခါသွားသည်။
ဝုန်း...
၅


ကျေးရွာလူကြီးများက အသံကြားသည့်နေရာသို့
ရောက်ရှိလာသောအခါ ဘရန်ဆိုင်းနှင့် သူငယ်ချင်း ၃ - ယောက်
သွေးအိုင်ထဲတွင် အသက်မဲ့စွာ လဲလျောင်း နေသည်ကို
တွေ့မြင်ရလေသည်။
အလွန်မှပင် ကြေကွဲဖွယ်ကောင်းသည့် ဆိုးရွားသည့်
အဖြစ်အပျက်ကို မြင်ရသူအဖို့မှာ . . .
၆

# ဒေါ်လေးမြ ပြောပြတဲ့ မိုင်းအန္တရာယ်




အင်း မြေမြှုပ် မိုင်း ....ဆိုတာ မြေ အောက် သစ်ပင်ခြုံ နွယ်တွေကြား ထောင်ထားနိုင်လို့ မျက်စိ နဲ့ အလွယ်တကူ မမြင်နိုင်ဘူး စစ်ကျန်လက်နက်ပစ္စည်းတွေကတော့ လက်ပစ်ဗုံးတွေ မော်တာကျည်တွေ ဒုံးကျည်တွေပေါ့ကွယ် အဲ့တာတွေက ပစ်လိုက်တုန်းက အကြောင်းတခုခုကြောင့်မပေါက်ကွဲပဲ ကျန်နေခဲ့ပြီး ထိကိုင်လိုက်တာနဲ့ ပေါက်ကွဲသွားနိုင်တယ် ပြီးတော့အလွယ်တကူရနိုင်တဲ့ပစ္စည်းတွေနဲ့ လုပ်ထားတဲ့ လက်လုပ် မိုင်း တွေလည်းရှိသေးတယ်
၄
အဲ့ဒီ .. .လက်နဲ့ လုပ်တဲ့မိုင်းတွေကျတော့အလွယ်တကူရနိုင်တဲ့ ပုလင်းတွေ၊ခွက်တွေ၊ပိုက်တွေ ၊ ဗူးတွေ အစရှိတာတွေနဲ့ လုပ်ကြတယ်
၅
ဒီတော့ ပုံစံကိုမှန်းဆလို့ မရနိုင်ဘူး ထိမိ ၊ တို့မိ ၊ ရိုက်မိရုံနဲ့ ပေါက်ကွဲနိုင်တာမို့ ဘယ်ပစ္စည်းမဆို အန္တရာယ် ဖြစ်နိုင်တယ်လို့ စိတ်ထဲမှာသိထားရမယ်...
၆


အဲ့ဒါကြောင့် အန္တရာယ်မဖြစ်အောင် လူကြီး တွေကို မမေးမြန်းဘဲနဲ့
ဘယ်ပစ္စည်းကိုမဆိုတွေ့ရင် တို့တာ၊ ထိတာ၊ကိုင်တာ
လုံးဝ လုံးဝ မလုပ်ရဘူး . . .
၇
အဲ့ဒါအပြင် တစ်ခုခုနဲ့ ပစ်ပေါက်တာတို့ ကိုင်ပြီး လွှတ်ပစ်တာတို့လဲ လုံးဝ မလုပ်ရဘူး တွေ့ခဲ့ရင် လူကြီး တွေကို ချက်ချင်း အသိပေးပြောပြရမယ်နော် . . .
ဟုတ်ကဲ့ပါ . . . အမေမြ
၈
အင်း . . .မင်းတော်တယ် မိမြ ရွာတိုင်းမှာသာ ကလေးတွေကို ခုလို အသိပေးမယ်ဆိုရင် မိုင်းအန္တရာယ် တွေတော်တော်လျော့ပါးသွားမှာ . . .
၉

# လေ့ကျင့်ခန်း

**အန္တရာယ် နဲ့မကစားပါနဲ့**

၁။ ဘရန်ဆိုင်းတို့သူငယ်ချင်းတစ်စုနေထိုင်တဲ့ရွာမှာ အရင်ဘာတွေဖြစ်ခဲ့ဖူးသလဲ။

၂။ ဘရန်ဆိုင်းတို့ သူငယ်ချင်းတွေ တွေ့ခဲ့တဲ့ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းက ဘယ်လိုပုံစံလဲ။

၃။ ဘရန်ဆိုင်း တို့ သူငယ်ချင်းတွေ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းကို တွေ့ပြီးဘာတွေလုပ်ကြသလဲ။

၄။ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းကိုတွေ့ပြီး ဆော့ကြတဲ့အခါ ဘရန်ဆိုင်းတို့သူငယ်ချင်းတစ်စု ဘာဖြစ်သွားကြသလဲ။

၅။ သားတို့ သမီးတို့ သာဆိုရင် အဲ့ဒီလို ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေ တွေ့ခဲ့ရင်ဘာလုပ်ကြမလဲ။

**ဒေါ်လေးမြ ပြောပြတဲ့ မိုင်းအန္တရာယ်**

၁။ ရွာက ချက်ကြီးတို့ မိသားစု ဘာဖြစ်သွားသလဲ။

၂။ မိုင်းပေါက်ကွဲရင် လူတွေဘာဖြစ်သွားနိုင်သလဲ။

၃။ လက်လုပ်မိုင်း တွေ ကို ဘာတွေနဲ့ လုပ်ထားကြသလဲ။

၄။ မိုင်းတွေက ဘယ်လိုလုပ်ရင် ပေါက်ကွဲသွားစေနိုင်သလဲ။

၅။ မိုင်းတွေကို တွေ့ရင်ဘာတွေလုပ်ရမလဲ။ ဘာတွေမလုပ်သင့်ဘူးလဲ။